## ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားအပေါ် မှီခိုသူများအတွက် သာမန်မြန်မာနိုင်ငံကူး လက်မှတ် သက်တမ်းတိုးခြင်း

(၁) သံရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော မနလသက်တမ်းတိုးလျှောက်လွှာအား ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန် ဖြစ်ပါသည်။

(၂) ကိုယ်ရေးရာဇဝင်များနှင့် ရောင်စုံဓါတ်ပုံ(၁)ပုံစီ - (ဓါတ်ပုံမှာ- ၃၅ x ၄၅ mm အရွယ်အစား၊ ရောင်စုံဓါတ်ပုံ-နောက်ခံအဖြူ၊ နားရွက်ပေါ်၍ မျက်နှာတွင် ဆံပင်ဖုံးအုပ်ခြင်း မရှိစေရပါ။ မျက်မှန်တပ်ဆင်ထားခြင်းမရှိရပါ။ (၂)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံဖြစ်ရပါမည်။)

(၃) လက်ရှိကိုင်ဆောင်ထားသောမနလစာအုပ်မိတ္တူ နှင့် ယခင်မနလစာအုပ်အဟောင်းများ မိတ္တူ တင်ပြရန် ဖြစ်ပါသည်။ (မနလ၏ ဓါတ်ပုံ နှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာ အပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)

(၄) Resident card မိတ္တူ(၁)စုံ တင်ပြရန် ဖြစ်ပါသည်။

(၅) မြန်မာနိုင်ငံ (သို့မဟုတ်) ဂျပန်နိုင်ငံတွင် လက်ထပ်ထားသည့် လက်ထပ်စာချုပ်မိတ္တူ တင်ပြရန် ဖြစ်ပါသည်။

(၆) မြန်မာနိုင်ငံမှ အိမ်ထောင်စုစာရင်းမိတ္တူ (သို့မဟုတ်) ဂျပန်မြို့နယ်ရုံးမှ ထုတ်ပေးထားသော လက်ရှိမိသားစု စာရင်းမူရင်း တင်ပြရန် ဖြစ်ပါသည်။

(၇) လျှောက်ထားသူ၏ မြန်မာနိုင်ငံသား ခင်ပွန်း/ဇနီး (အခွန်ထမ်းဆောင်သူ) ၏ အခွန်ပေးဆောင်ထားသော ပြေစာမိတ္တူ တင်ပြရန် [(ဝင်ငွေခွန်ပေးဆောင်ခြင်းကို အသေးစိတ်ဖတ်ရှုရန်)]

(သို့မဟုတ်) ဝင်ငွေခွန်အပြည့် မပေးဆောင်ရသေးပါက နောက်ဆုံးပေးဆောင်ခဲ့သည့် အခွန် ပြေစာ မိတ္တူ တင်ပြရန် ဖြစ်ပါသည်။

လျှောက်ထားသူ၏ မြန်မာနိုင်ငံသား (ခင်ပွန်း/ဇနီး) ၏ Passport မိတ္တူ အသုံးပြုထားသော စာမျက်နှာအားလုံး တင်ပြရမည်။

(၈) လျှောက်ထားသူသည် ဂျပန်နိုင်ငံသို့ရောက်ရှိပြီး လက်မထပ်မီ အလုပ်လုပ်ကိုင်ခဲ့သူ ဖြစ်ပါက ယခင်အလုပ်လုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်မှ ဝင်ငွေရရှိကြောင်း အထောက်အထား (ပထမဆုံးအကြိမ် မြန်မာနိုင်ငံသား မှီခိုသူ အဖြစ် လျှောက်ထားသူများအတွက်သာ)

(၉) လျှောက်ထားသူသည် ဂျပန်နိုင်ငံသို့ရောက်ရှိပြီး လက်မထပ်မီ ကျောင်းတက်ဖူးသူဖြစ်ပါက ကျောင်းတက်သည့် ကာလကို ကျောင်းထောက်ခံစာ/ ဘွဲ့လက်မှတ်မိတ္တူ တင်ပြရန် ဖြစ်ပါသည်။

(၁၀) မနုလလဲလှယ်ကြေးမှာ ယန်း ၆,၀၀၀/- ဖြစ်ပါသည်။

(၁၁) မနုလသက်တမ်း(၆)လထက်လျော့နည်း၍ ကျန်ရှိသူများသည် သက်တမ်းတိုးလျှောက်ထားနိုင်မည် ဖြစ်ပါသည်။

(၁၂) စာတိုက်မှလျှောက်ထားသူများမှာ နိုင်ငံကူးလက်မှတ် ပြန်လည်ပေးပို့နိုင်ရန်အတွက် Letter Pack ၅၂၀ စာအိတ်အလွတ်တစ်အိတ် တစ်အိတ်၌ စာတိုက်အမှတ်၊ လိပ်စာ၊ အမည်နှင့် ဖုန်းနံပါတ်များဖြည့်စွက်ပြီး ပူးတွဲ ထည့်ပေးရပါမည်။ လက်ဗွေပုံစံတွင် လက်ဗွေနှိပ်ခြင်း၊ လိုအပ်သည်များ ဖြည့်စွက်ခြင်း ပြုလုပ်၍ တစ်ပါတည်း ထည့်ပေးရန်ဖြစ်ပါသည်။

(၁၃) စာတိုက်မှလျှောက်ထားသူများမှ နိုင်ငံကူးလက်မှတ်မူရင်း တစ်ပါတည်းထည့် ပေးရပါမည်။

(၁၄) စာတိုက်မှ လျှောက်ထားစဉ်က ပေးပို့ခဲ့သည့် Letter Pack ၅၂၀ စာအိတ်အလွတ်တစ်အိတ် ဖြင့် သံရုံးမှ နိုင်ငံကူးလက်မှတ်အသစ်ကို ပြန်လည်ပေးပို့သွားမည်ဖြစ်ပါသည်။

(၁၅) လျှောက်ထားသူများအနေဖြင့် ကျသင့်ငွေများအား Sumitomo Mitsui Bank Corporation (SMBC)၊ Gotanda Branch၊ Current Account #4035008 ၊ Myanmar Embassy, Tel: 03-3441-9291 သို့ ပေးသွင်းထားသည့် ဘဏ်ချလံ(မူရင်း) အား လျှောက်ထားသည့်အချိန်တွင် ပူးတွဲတင်ပြရန်ဖြစ်ပါသည်။

(၁၆) လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းဆိုင်ရာ စာရွက်စာတမ်းများ စုံလင်စွာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး စာရွက်စာတမ်းစုံလင်မှ သံရုံးသို့ စာတိုက်မှ ပေးပို့သွားကြရန်ဖြစ်ပါသည်။

(၁၇) လိုအပ်ပါက သံရုံးမှ ထပ်မံတောင်းခံမည့် အထောက်အထားများ တင်ပြရမည်ဖြစ်ပါသည်။

မနုလ - သာမန်မြန်မာနိုင်ငံကူးလက်မှတ်